PRESS RELEASE

U.S. EMBASSY RANGOON

110 University Avenue, Kamayut Township, Rangoon, Burma

ရခိုင်ပြည်နယ် သံတွဲမြို့တွင် ဖြစ်ပွားနေသော အကြမ်းဖက်မှုများကို အမေရိကန်ပြည်ထောင်စု ပြစ်တင်ရှုတ်ချ

ရန်ကုန် - မကြာသေးမီက ရခိုင်ပြည်နယ်ရှိ သံတွဲမြို့ဝန်းကျင်ရှိ မူဆလင်အများစုပါဝင်သော လူ့အဖွဲ့အစည်းကို အကြမ်းဖက်ခဲ့ကြောင်း ကြားသိရ၍ များစွာစိတ်မကောင်းဖြစ်ရပါသည်။ ဒါဇင်များစွာသော နေအိမ်များနှင့် ဗလီများပျက်စီးရသည့် မီးရှို့တိုက်ခိုက်မှုများအပါအဝင် အကြမ်းဖက်များကြောင့် အနည်းဆုံးလူတစ်ဦးသေဆုံးပြီး လူပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိကာ ရာပေါင်းများစွာသော ပြည်သူများ အိုးအိမ်စွန့်ခွာထွက်ပြေးကြရကြောင်း ကြားသိရ၍ များစွာဝမ်းနည်းရပါသည်။ ယင်းသို့သော အကြမ်းဖက်မှုများကို အမေရိကန်ပြည်ထောင်စုက ပြင်းထန်စွာ ပြစ်တင်ရှုတ်ချပါသည်။

အမေရိကန်သံရုံးသည် ရခိုင်ပြည်နယ်တွင်းရှိ အခြေအနေများကို အနီးကပ်ဆက်လက် စောင့်ကြည့်လျက်ရှိပါသည်။ ဒေသတွင်းရှိ ပြည်သူများနှင့် ၎င်းတို့၏ အိုးအိမ်များကို အကြမ်းဖက်ခံရခြင်းမှ လျင်မြန်စွာနှင့် တိကျပြတ်သားစွာ ကူညီကာကွယ်ပေးရန် အာဏာပိုင်များကို မိမိတို့ အလေးအနက် တိုက်တွန်းအပ်ပါသည်။ ဖြစ်ရပ်များကို တိကျသေချာစွာ စုံစမ်းစစ်ဆေးပြီး အကြမ်းဖက်ဖြစ်ရပ်များအတွက် တာဝန်ရှိသူများကို ဖော်ထုတ်အရေးယူကာ အကြမ်းဖက်ခံရသူများနှင့် အခြားအားနည်းသောသူများကို လိုအပ်သော အကူအညီများပေးအပ်ရန် အာဏာပိုင်များကို ဆက်လက်တိုက်တွန်းအပ်ပါသည်။ ဆက်လက်ဖြစ်ပွားနေသော တင်းမာမှုများ၏ ရင်းမြစ်များကို ဟန့်တားပေးရန်နှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် ပြည်နယ်တွင်းဖွံ့ဖြိုးရေးတို့အတွက် အခြေအနေကောင်းများကို ဖန်တီးပေးရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဒေသခံအာဏာပိုင်များသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားမျှတရေး၊ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများရောက်ရှိရေးနှင့် ရခိုင်ပြည်နယ်တွင်း ပြန်လည်သင့်မြတ်ရေး အခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

အရေးကြီးဆုံးအနေဖြင့် မူဆလင်များကို ဦးတည်တိုက်ခိုက်နေခြင်းအား ဆန့်ကျင်ပေးကြရန်နှင့် မတူကွဲပြားသောနိုင်ငံအတွင်း နေထိုင်ကြသူများအားလုံးအကြား နားလည်ခြင်း၊ အပြန်အလှန်လေးစားခြင်းနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်းတို့ကို အားပေးသွားကြရန် ဘာသာရေးနှင့် အရပ်ဘက်အဖွဲ့အစည်းခေါင်းဆောင်များနှင့် နိုင်ငံအဝန်းရှိ အကြမ်းဖက်မှုကို မလိုလားသော ပြည်သူအားလုံးကိုလည်း မိမိတို့ တောင်းဆိုအပ်ပါသည်။

###